ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အမျိုးသားအပင်မျိုးသစ်အကာအကွယ်ပေးရေးဆိုင်ရာဗဟိုကော်မတီ

**အမိန့်ကြော်ငြာစာအမှတ် ၀၄၅ / ၂၀၂၂**

**၁၃၈၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၂ ရက်**

**(၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်)**

၁။ အမျိုးသားအပင်မျိုးသစ်အကာအကွယ်ပေးရေးဆိုင်ရာ ဗဟိုကော်မတီသည် အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေ ပုဒ်မ ၄၄ နှင့် ပုဒ်မ ၄၆ ပုဒ်မခွဲ (ခ) တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် သတ်မှတ်ထားသော အခကြေးငွေများကို သိရှိလိုက်နာနိုင်ရန် **"အပင်မျိုးသစ်ကို ကာကွယ်ခွင့်ရရှိရေးအတွက် အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့် အခွင့်အရေးရရှိရန် လျှောက်ထားသူက ပေးဆောင်ရမည့် အခကြေးငွေဆိုင်ရာ အမိန့်ကြော်ငြာစာ"** ကို ပြင်ဆင် ထုတ်ပြန်လိုက်သည်-

(က) အပင်မျိုးသစ်ကို ကာကွယ်ခွင့် ရရှိရေးအတွက် အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့် အခွင့်အရေး ရရှိရန် လျှောက်ထားခြင်း၊ သီးနှံအမျိုးအစားအလိုက် အပင်မျိုးသစ် ဟုတ် မဟုတ် စစ်ဆေးခြင်းတို့နှင့် သက်ဆိုင်သည့် အခကြေးငွေများကို ပူးတွဲပုံစံ(၁) ပါ အတိုင်း ပေးဆောင်ရမည်။

(ခ) အပင်မျိုးသစ်ကို ကာကွယ်ခွင့်ရရှိရေးအတွက် အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့် အခွင့်အရေးဆိုင်ရာ အသိအမှတ်ပြုလက်မှတ်ရရှိပြီးနောက် ဆက်လက်ထိန်းသိမ်းရန် ပေးဆောင်ရမည့် အခကြေးငွေများအား ပူးတွဲပုံစံ(၃) ပါ သီးနှံအမျိုးအစားကို မူတည်၍ ပုံစံ(၂) ပါအတိုင်း ပေးဆောင်ရမည်။

၂။ အမျိုးသားအပင်မျိုးသစ်အကာအကွယ်ပေးရေးဆိုင်ရာဗဟိုကော်မတီ၏(၂၈-၆-၂၀၁၉)ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၂၆၇/၂၀၁၉ အား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ဥက္ကဋ္ဌ
အမျိုးသားအပင်မျိုးသစ်အကာအကွယ်ပေးရေးဆိုင်ရာဗဟိုကော်မတီ

စာအမှတ် ၊ စသ/PVP/၂၀၂၁-၂၀၂၂/ ၃၀၂
ရက်စွဲ ၊ ၂၀၂၂ခုနှစ်၊ ဇန်နဝါရီလ( ၂၈ )ရက်

**ဖြန့်ဝေခြင်း**

ပြည်ထဲရေးဝန်ကြီးဌာန
စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
နေပြည်တော်ကောင်စီ
တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရုံးများအားလုံး
အမျိုးသားအပင်မျိုးသစ်အကာအကွယ်ပေးရေးဆိုင်ရာဗဟိုကော်မတီဝင်များအားလုံး
ဤဝန်ကြီးဌာနရှိဦးစီးဌာနအားလုံးနှင့် တက္ကသိုလ်များ
အပင်မျိုးသစ်စစ်ဆေးခြင်းဆိုင်ရာနည်းပညာကော်မတီဝင်များအားလုံး
တိုင်းဒေသကြီး/ပြည်နယ်စိုက်ပျိုးရေးဦးစီးမှူးများ
တိုင်းဒေသကြီး/ပြည်နယ်စိုက်ပျိုးရေးမျိုးစေ့တာဝန်ခံများ

**အမိန့်အရ**

28/1/2022

(ဒေါက်တာနိုင်ကြည်ဝင်း)
အတွင်းရေးမှူး
အမျိုးသားအပင်မျိုးသစ်အကာအကွယ်ပေးရေးဆိုင်ရာဗဟိုကော်မတီ

ပုံစံ ( ၁ )

အပင်မျိုးသစ်ကို ကာကွယ်ခွင့် ရရှိရေးအတွက် အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့် အခွင့်အရေး ရရှိရန် လျှောက်ထားခြင်းနှင့် သီးနှံအမျိုးအစားအလိုက် အပင်မျိုးသစ် ဟုတ် မဟုတ် စစ်ဆေးခြင်းများ ဆောင်ရွက်ရန်အတွက် ပေးဆောင်ရမည့် အခကြေးငွေများ

| စဉ် | အကြောင်းအရာ | သင့်ငွေ (ကျပ်) |
|---|---|---|
| ၁။ | လျှောက်ထားစဉ်ပေးသွင်းရမည့်ပမာဏ (Application fee) | ၁၅၀၀၀၀ |
| ၂။ | အပင်မျိုးသစ် ဟုတ် မဟုတ် စစ်ဆေးခ (Examination fee)<br>- စာရွက်စာတမ်းကြေး(Documentation)<br>- ထူးခြားမှု၊ ညီညာမှုနှင့် တည်ငြိမ်မှု ရှိ မရှိ စစ်ဆေးခြင်း (DUS testing) | ၉၀၀၀၀၀-၁၂၀၀၀၀၀ |
| ၃။ | ဦးစားပေးတောင်းဆိုရာတွင် လျှောက်ထားစဉ် ပေးသွင်းရမည့် ပမာဏ(Application fee for priority claiming) | ၃၀၀၀၀ |
| ၄။ | အများပြည်သူသိရှိရန်အတွက် ထုတ်ပြန်ကြေညာရာတွင် ပေးဆောင်ရမည့် အခကြေးငွေ (Fee for publication of the application and related information) | ၁၅၀၀၀၀ |
| ၅။ | အကြောင်းတစ်စုံတစ်ရာကြောင့် စမ်းသပ်ကွက် ပြန်လည်ဆောင်ရွက်ရန် တောင်းဆိုခြင်းအတွက် ပေးသွင်းရမည့် ပမာဏ (Fee for requesting a retest for any reason) | ၄၅၀၀၀၀-၆၀၀၀၀၀ |

ပုံစံ ( ၂)

အပင်မျိုးသစ်ကို ကာကွယ်ခွင့်ရရှိရေးအတွက် အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့် အခွင့်အရေးဆိုင်ရာ အသိအမှတ်ပြုလက်မှတ် ရရှိပြီးနောက် ဆက်လက်ထိန်းသိမ်းရန် ပေးဆောင်ရမည့် အခကြေးငွေများ

| အသိအမှတ်ပြုလက်မှတ်ရရှိပြီး နောက်နှစ်များ | နှစ်စဉ်ကြေး (ကျပ်) | | |
|---|---|---|---|
| | အုပ်စု (၁) | အုပ်စု (၂) | အုပ်စု (၃) |
| (၂) နှစ်မှ (၅) နှစ် | ၂၂၅၀၀၀ | ၁၀၅၀၀၀ | ၁၀၅၀၀၀ |
| (၆) နှစ်မှ (၁၀) နှစ် | ၃၀၀၀၀၀ | ၁၅၀၀၀၀ | ၁၅၀၀၀၀ |
| (၁၁) နှစ်မှ (၁၅) နှစ် | ၄၅၀၀၀၀ | ၁၈၀၀၀၀ | ၁၈၀၀၀၀ |
| (၁၆) နှစ်မှ (၂၀) နှစ် | ၆၀၀၀၀၀ | ၃၀၀၀၀၀ | ၃၀၀၀၀၀ |
| (၂၁) နှစ်မှ (၂၅) နှစ် | ၇၅၀၀၀၀ | ၄၅၀၀၀၀ | ၄၅၀၀၀၀ |

ပုံစံ(၃)

## နှစ်စဉ်ကြေး ပေးဆောင်ရန်အတွက် အုပ်စုအလိုက် ပါဝင်သည့် သီးနှံများ

| အုပ်စု (၁)<br>ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ၊<br>ပန်းမန်အုပ်စု | အုပ်စု (၂)<br>နှံစား၊ ဆီထွက်၊ ပဲမျိုးစုံနှင့်<br>စက်မှုကုန်ကြမ်းသီးနှံအုပ်စု | အုပ်စု (၃)<br>နှစ်ရှည်ပင်၊နွယ်ပင်များနှင့်<br>သစ်တောသစ်ပင်များနှင့်<br>မြက်မျိုးရင်းဝင်များ |
| --- | --- | --- |
| ဥပမာ –<br>ခါကျက်ဥ၊မုန်လာဥ၊မုန်ညင်းမုန်လာထုပ်၊မုန်ညင်းရွက်၊ငရုတ်၊ခရမ်းချဉ်၊ခရမ်းသီး၊အာလူး၊ဘူး၊ ရွှေဖရုံ၊သခွားး၊ဖရဲသခွားမွှေး၊ကြက်ဟင်းခါး၊ရုံးပတီ၊ပဲတိုင်ထောင်၊မာလကာ၊သစ်တော်၊ကီဝီ၊နှင်းဆီ၊ဂန္ဓမာ၊လီလီနှင်းပန်း၊သစ်ခွ၊ကျူးလစ်၊ကာနေးရှင်း၊ ဆလပ် | ဥပမာ –<br>စပါး၊ပြောင်း၊ဂျုံ၊မြင်းစားဂျုံ၊မုယောစပါး၊လူးဆပ်၊ပဲတီစိမ်း၊မတ်ပဲ၊ကုလားပဲ၊ပဲပုပ်၊ပဲလွမ်း၊ဟင်းသီးဟင်းရွက်ပဲပုပ်၊စားတော်ပဲ၊မြေပဲ၊နှမ်း၊နေကြာ၊ဆီမုန်ညင်း၊ပန်းနှမ်း၊ကြံ၊ ဝါ၊ ဂုန်လျှော်၊ ချဉ်ပေါင်လျှော်၊ ပီလောပီနံ၊ | ဥပမာ –<br>နဂါးမောက်၊သရက်၊စပျစ်၊ ဆီအုန်း၊ရာဘာ၊ကော်ဖီ၊လက်ဖက်၊ကြယ်ပဲ၊ဒူးရင်း၊ကျွဲကော၊မြက်မျိုးရင်းဝင်များ၊ |